# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း
# အမိန့်ကြော်ငြာစာအမှတ် (၃၁၇ / ၂၀၂၁)
# ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
# (၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ ၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ **ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့ (Anti Money Laundering Central Board – AMLCB)** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း လိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး/ ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |

Myanmar Law Information System (MLIS)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

အကောက်ခွန်ဦးစီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ပြည်တွင်းအခွန်များဦးစီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဌ) ဥက္ကဋ္ဌ အဖွဲ့ဝင်

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဍ) ဌာနကြီးမှူး အဖွဲ့ဝင်

နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး

မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဎ) ရဲချုပ် အတွင်းရေးမှူး

မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဏ) တပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး

ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Myanmar Law Information System (MLIS)

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်း၊ ယင်းမူဝါဒနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနများ၊ အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအရေးယူဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသား မဟာဗျူဟာ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ်ကို အကဲဖြတ်ခြင်းဆောင်ရွက်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ သတင်းပို့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အန္တရာယ်ကို အခြေပြုချဉ်းကပ်ခြင်းနည်းလမ်းများ အသုံးပြုလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး စနစ်တစ်ရပ်လုံးကို ထိရောက်စွာ ဆောင်ရွက် နိုင်ရေးအတွက် ကော်မတီများဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ချမှတ်ထားသည့် အမျိုးသားမူဝါဒ၊ မဟာဗျူဟာများ အကောင်အထည် ဖော်ဆောင်မှုနှင့် ပုဒ်မခွဲ (ဂ) အရ အမျိုးသားအဆင့်အန္တရာယ်ကို အကဲဖြတ်ခြင်းဆောင်ရွက်မှုကို လည်းကောင်း၊ သတင်းပို့အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် အခြားဆက်စပ်အဖွဲ့အစည်းများ၏ သတင်းပို့ခြင်းဆိုင်ရာ လိုအပ်ချက်တို့ကိုလည်းကောင်း စောင့်ကြည့်စစ်ဆေးခြင်း၊

(င) သတင်းပို့အဖွဲ့အစည်းများ လိုက်နာရန် အောက်ပါအချက်များကို သတ်မှတ်ပြဋ္ဌာန်းသည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း-

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အန္တရာယ်အဆင့် မြင့်မားသည့် အခြေအနေမျိုးတွင် ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထား စိစစ်ခြင်း လုပ်ငန်းစဉ်များ၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ပြီးနောက် သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ် ဆောင်ရွက်ပြီးနောက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အတည်ပြုစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ။

(စ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချ၍ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်စေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံတော်၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ် တွင် ပါဝင်သည့် သတင်းပို့အဖွဲ့အစည်းများကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် တားဆီးနှိမ်နင်းရေးကဏ္ဍတို့မှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား

Myanmar Law Information System (MLIS)

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ် မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၁ / ၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

Myanmar Law Information System (MLIS)